ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၂)    ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုအပတ်အတွင်း ဖော်ပြသည့် ဥပဒေ၊ အမိန့်ကြော်ငြာစာများ။ | ၂-၃ |
| ၂။ | စက်မှုဒီဇိုင်း မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၄-၅ |
| ၃။ | Elon Musk နှင့် ဥပဒေရေးရာ စိန်ခေါ်မှုများ။ | ၆-၇ |
| ၄။ | ဗြိတိန်နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုအသစ်များတွင် ထောင်ဒဏ်တစ်သက် တစ်ကျွန်းကို နောက်ကြောင်းပြန် ကျင့်သုံးမည်။ | ၈-၉ |
| ၅။ | အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) အကြောင်းသိကောင်းစရာ။ | ၁၀-၁၃ |
| ၆။ | သီရိလင်္ကာတရားသူကြီးရာထူးမှနုတ်ထွက်ခြင်းသည် နိုင်ငံ၏တရားစီရင်ရေး ဆိုင်ရာ လွတ်လပ်ခွင့်အပေါ် စိုးရိမ်ဖွယ်ရာဖြစ်ခြင်း။ | ၁၄-၁၅ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုအပတ်အတွင်းဖော်ပြသည့် ဥပဒေ၊ အမိန့်ကြော်ငြာစာများ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုသီတင်းပတ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ၊ ပဲခူးတိုင်းဒေသကြီး၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရ စီမံကိန်းဥပဒေ ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ ပြင်ဆင်ဖွဲ့စည်း ခြင်းအမိန့်ကြော်ငြာစာ၊ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟို ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (Permanent Residence System ) စနစ်စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အမိုနီယမ်ကလိုရိုက် (Ammonium Cloride) (ဓဝက်သာ)ကို လက်ဝယ်ထားအသုံးပြုခွင့်ရှိသည့် ပမာဏသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မြို့ပြဧရိယာပြင်ပရှိ တည်ဆောက်ပြီး မဟာ ဓါတ်အားလိုင်းများ၏ လျှပ်စစ်ဓါတ်အားလိုင်း နယ်မြေသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာတို့ကို အများ ပြည်သူများ လွယ်လင့် တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၁၇.၈.၂၀၂၃ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၇၉/၂၀၂၃) ဖြင့်လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ မြို့ပြဧရိယာပြင်ပရှိ တည်ဆောက်ပြီး မဟာဓါတ်အားလိုင်း

နယ်မြေသတ်မှတ်ခြင်းကို အများပြည်သူဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓါတ်အားပို့လွှတ်ဖြန့်ဖြူးမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ပြန်ခဲ့ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၃) ဖြင့် အစိုးရဌာနများ နှင့်အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏လုပ်ခကို အလုပ်ချိန် တစ်နေ့(၈)နာရီအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ခဲ့ပြီး ဖြစ်သောကြောင့် CMPစက်ရုံ၊အလုပ်ရုံများတွင်လုပ်ကိုင်လျက်ရှိသည့်အလုပ်သမားများအား၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အနည်းဆုံးအခကြေးငွေကို မူလသတ်မှတ်ထားသည့် ၄၈၀၀ ကျပ်အပေါ် အပိုထောက်ပံ့ကြေး ၁၀၀၀ ကျပ် ခံစားခွင့်ပြုသဖြင့် ကျပ် ၅၈၀၀ သတ်မှတ်ကြောင်း ၅.၁၀.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ သိကောင်းစရာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်ရန်၊ စက်မှုဒီဇိုင်းဖန်တီးမှုများကို အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊ စက်မှုဒီဇိုင်းနည်းပညာတိုးတက်စေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူဖြစ်စေရန်၊ ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးကို အပြန်အလှန်အကျိုးပြုစေရန်၊ ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့်တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီစေရေးတို့တွင် အထောက်အကူဖြစ်စေရန်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်နှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန်ရည်ရွယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို ၂၉-၉-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၇/ ၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းနည်းဥပဒေတွင် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်း၊ စက်မှုဒီဇိုင်းဖော်ပြချက်၊ လျှောက်ထားချက်ကို စစ်ဆေးခြင်း၊ ပြန်လည်လျှောက်ထားခြင်း၊ လျှောက်ထားခြင်းကို ရုပ်သိမ်းခြင်း၊ လျှောက်ထားချက်ကို ခွဲခြားခြင်း၊ လျှောက်ထားချက်ကိုကန့်ကွက်ခြင်း၊ လျှောက်ထားချက်ကို မှတ်ပုံတင်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ စက်မှုဒီဇိုင်းပိုင်ရှင်က အခွင့်အရေးစွန့်လွှတ်ခြင်း၊ မှတ်ပုံတင်စာရင်းကို ပြင်ဆင်ခြင်း၊ မှတ်ပုံတင်ကာလ သက်တမ်းတိုးခြင်း၊ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာခြင်းနှင့်ပယ်ဖျက်ခြင်းစသည့် အကြောင်းအရာများ ပါဝင်ပါသည်။

ထိုကဲ့သို့ ထုတ်ပြန်ထားသော်လည်း စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်း ဆိုင်ရာနည်းဥပဒေများသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ အကျိုးသက်ရောက်မည် ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

**သတင်းအရင်းမြစ်** https://www.commerce.gov.mm

## Elon Musk နှင့် ဥပဒေရေးရာ စိန်ခေါ်မှုများ

Elon Musk ဆိုတာကတော့ တောင်အမေရိကမှာမွေးဖွားသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်ပြီး အီလက်ထရောနစ်ငွေပေးချေရေးစနစ်ဖြစ်သည့် PayPal၊ အာကာသယာဉ်များထုတ်လုပ်သော Space X ကုမ္ပဏီနှင့် အီလက်ထရောနစ်ကားထုတ်လုပ်သည့် Tesla ကုမ္ပဏီ၊ X ဟု အမည်ပြောင်းထားသော Twitter တို့၏ ရင်းနှီးမြှုပ်နှံသူ နှင့် စီအီးအိုတို့ဖြစ်သည်။ ထို့ပြင် ၎င်းသည် ကမ္ဘာ့အချမ်းသာဆုံးသူတစ်ဦးလည်း ဖြစ်သည်။

ထိုသို့လုပ်ငန်းပေါင်းများစွာ ပိုင်ဆိုင်ထားသော Elon Musk သည် ၎င်း၏လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေရေးရာစိန်ခေါ်မှုအများအပြားကို ရင်ဆိုင်နေရကြောင်း သိရှိရသည်။

US securities and Exchange Commission က Elon Musk အား အကြီးဆုံးသော ဆိုရှယ်မီဒီယာဖြစ်သော တွစ်တာကို ဒေါ်လာ ၄၄ ဘီလျံဖြင့် လုပ်ငန်းလွှဲယူခြင်းအပေါ် စစ်ဆေးရန် တရားစွဲဆိုလိုက်ကြောင်း သိရှိရသည်။

၂၀၂၂ ခုနှစ်ကတည်းက တွစ်တာ၏ ရင်းနှီးမြှုပ်နှံသူများက Elon Muskသည် X ဟု အမည်ပြောင်းလဲထားသော တွစ်တာ၏ ရှယ်ယာအမြောက်အများကို စုဆောင်းထားရှိကာ ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းကျဆင်းစေရန် ချယ်လှယ်ကြိုးကိုင်ခဲ့ကြောင်း စွပ်စွဲပြီး တရားစွဲဆိုထားကြောင်း သိရှိရသည်။

ထို့ပြင် Legal Marketing Company က တွစ်တာအားအမည် ပြောင်းလဲသော X ဆိုသည့် စကားရပ်မှာ ၎င်းတို့၏ ကုန်အမှတ်တံဆိပ်အမည်ကို ချိုးဖောက်ရယူထားခြင်းဖြစ်သည်ဟု စွပ်စွဲပြီး ဖလော်ရီဒါဖယ်ဒရယ်တရားရုံးတွင် အောက်တိုဘာ ၂ ရက်နေ့က တရားစွဲဆိုထားသည်။

Elon Musk ၏ အဓိက ကုမ္ပဏီများဖြစ်သော Tesla, Space X နှင့် X ဆိုရှယ်မီဒီယာ တို့သည်လည်း အလုပ်သမားများအကြား ခွဲခြားဆက်ဆံမှုဆိုင်ရာ စွပ်စွဲမှုများဖြင့် တရားစွဲဆိုခံရမှုများရှိနေကြောင်း သိရှိရသည်။

Elon Musk သည် ကမ္ဘာ့အကျော်ကြားဆုံးနှင့် ဝင်ငွေအကောင်းဆုံးကုမ္ပဏီများကို ပိုင်ဆိုင်ထားပြီး ကမ္ဘာ့အချမ်းသာဆုံးသူတစ်ဦးဖြစ်သော်လည်း ဥပဒေရေးရာစိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရကြောင်းသိရှိရသည်။

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

Source:　　Internet

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၂) ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်

# ဗြိတိန်နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုအသစ်များတွင် ထောင်ဒဏ်တစ်သက် တစ်ကျွန်းကို နောက်ကြောင်းပြန် ကျင့်သုံးမည်

ဗြိတိန်နိုင်ငံတွင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းချမှတ်ခြင်းကို ထပ်မံ ပြုပြင် ပြောင်းလဲရန် အစီအစဉ်ရှိကြောင်း ဗြိတိန်နိုင်ငံ၏တရားရေးဝန်ကြီးဌာနမှ ကြေညာခဲ့သည်။ ဤအပြောင်းအလဲများ အရ ပြစ်မှုကျူးလွန်ပြီး ပြစ်ဒဏ်ကျခံရန် စောင့်နေသူများအား ဤဥပဒေမပြဋ္ဌာန်းမီ ပြစ်မှုကျူးလွန်ခဲ့ သော်လည်း ထောင်ဒဏ် တစ်သက်တစ်ကျွန်း အမိန့်ချမှတ်နိုင်သည်ဟု သိရသည်။

ဤကြေညာချက်အရ တစ်သက်တစ်ကျွန်းအမိန့်များနှင့်ပတ်သက်၍ ယခင်က ထုတ်ပြန် ခဲ့သည့်ပြုပြင်ပြောင်းလဲမှုများသည် ယခုလက်ရှိစစ်ဆေးဆောင်ရွက်နေသည့် အမှုများတွင် ကျင့် သုံးနိုင်မည်ဖြစ်ပါသည်။ အပြောင်းအလဲများကြောင့် တရားသူကြီးများသည် စီရင်ချက် ချမှတ်ရာတွင် ထူးခြားသော ပတ်ဝန်းကျင်အကြောင်းချင်းရာအခြေအနေမရှိလျှင် ထိုပြစ်ဒဏ်များကို ချမှတ်ရန် မျှော်လင့်ထားရမည်ဖြစ်ပြီး ထူးခြားသော စာနာထောက်ထားမှုထားရမည့်အခြေအနေမျိုးများရှိလျှင် ထောင်ဒဏ်တစ်သက်တစ်ကျွန်းအမိန့်ကိုရုပ်စဲ၍ အကျဉ်းသားအား ပြန်လွှတ်ပေးနိုင်သည်ဟုသိရသည်။

ဗြိတိန်ဝန်ကြီးချုပ် Rishi Sunak သည် အစီအစဉ်သစ်များနှင့်စပ်လျဉ်း၍ ကြေညာချက် ထုတ်ပြန်ခဲ့ပြီး ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုကျူးလွန်သူများအား အပြစ်ပေးအရေးယူခြင်း၏ အရေးကြီးမှုကိုအလေးပေးပြောကြားရာတွင်အစိုးရသည်လိင်ပိုင်းဆိုင်ရာနှင့်ရက်စက်သောလူသတ်မှု များအတွက် တစ်သက်တစ်ကျွန်းဒဏ်မှလွတ်မြောက်ရန် အလားအလာ မရှိစေရန် ဥပဒေပြုမည်ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

ဗြိတိန်ဝန်ကြီးချုပ် Rishi Sunak က ဩဂုတ်လတွင် ကြေညာပြီးနောက် ယခင်အစီအစဉ်များ အပေါ် ပြုပြင်ပြောင်းလဲမှုအသစ်များ ဆောင်ရွက်ခဲ့ပါသည်။ ဗြိတိန်ဝန်ကြီးချုပ် Rishi Sunak က ကြောက်မက်ဖွယ်အကောင်းဆုံး လူသတ်မှုများအား ကျူးလွန်သူများကို ထောင်ဒဏ်တစ်သက် တစ်ကျွန်း အမိန့်များချမှတ်မှု တိုးမြှင့်ရန်နှင့် တရားသူကြီးများအတွက် ဥပဒေရေးရာ မျှော်မှန်းချက်

ဖန်တီးပေးရန် ၎င်း၏အစီအစဉ်ကို ကြေညာခဲ့ပြီး စာရိတ္တပျက်ပြားနေသည့် လူသတ်သမား အများစုကို လွှတ်ပေးရန် အခွင့်အရေးမရှိစေရေး ရည်ရွယ်ကြောင်း သိရသည်။

ဩဂုတ်လတွင် အပြောင်းအလဲများကို ပထမဆုံးကြေညာပြီးနောက် ဝတ်လုံတော်ရ ရှေ့နေများက အစီအစဉ်သစ်မလိုအပ်ဟု စောဒကတက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ပြစ်ဒဏ်ချမှတ်ရေး အက်ဥပဒေ၏ ဇယား ၂၁ အရ တရားသူကြီးများအား လူသတ်မှုအတွက် မဖြစ်မနေ တစ်သက်တစ်ကျွန်းထောင်ဒဏ်နှင့်စပ်လျဉ်း၍ အနည်းဆုံးကာလချမှတ်ရန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ပေးထားပြီးဖြစ်ကြောင်း ဝတ်လုံတော်ရရှေ့နေများက ပြောဆိုပါသည်။

ပြုပြင်ပြောင်းလဲရေးအတွက် အဆိုပြုချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကို မကြေညာသေးသော်လည်း တရားရေးဝန်ကြီးဌာနမှ အစိုးရက ထိုပြုပြင်ပြောင်းလဲမှုများကို စတင်ရန် လွှတ်တော်က ခွင့်ပြုသည့်အချိန်တွင် ဥပဒေပြုလိမ့်မည်ဟု ထုတ်ပြန်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https;// www.jurist.org/news/2023/10/uk-to-apply-life-prison-sentences-retrospectively-in-new-reforms/

## အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) အကြောင်း သိကောင်းစရာ

အာရှ-အာဖရိကဥပဒေအတိုင်ပင်ခံအဖွဲ့ The Asian-African Legal Consultative Organization (AALCO) ကို မူလက အာရှဥပဒေအတိုင်ပင်ခံကော်မတီ Asian Legal Consultative Committee (ALCC) အမည်ဖြင့် ၁၉၅၆ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါ အဖွဲ့အစည်းသည် ၁၉၅၅ ခုနှစ် ဧပြီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော သမိုင်းဝင် ဘန်ဒန်း ညီလာခံ (Bandung Conference)မှ ထွက်ပေါ်လာသော ထင်ရှားသည့် ရလဒ်တစ်ခုဖြစ်ပါသည်။ အာရှ ၇ နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အီရတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အာရပ်သမ္မတနိုင်ငံ (ယခု အာရပ်သမ္မတနိုင်ငံ၊ အီဂျစ်နှင့် ဆီးရီးယားအာရပ်သမ္မတ နိုင်ငံ) တို့သည် အဖွဲ့စတင်တည်ထောင်သည့် မူလအဖွဲ့ဝင်နိုင်ငံများဖြစ်ကြပါသည်။

၁၉၅၈ ခုနှစ် ဧပြီလတွင် အာဖရိကတိုက်ရှိနိုင်ငံများ၏ အဖွဲ့သို့ပူးပေါင်းပါဝင်မှုကြောင့် ၎င်း၏ အမည်ကို အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံကော်မတီ Asian-African Legal Consultative Committee (AALCC) ဟု ပြောင်းလဲခဲ့ပါသည်။ ထို့နောက် ၂၀၀၁ ခုနှစ်တွင် နယူးဒေလီရှိ AALCC ၏ ဌာနချုပ်တွင် ကျင်းပသော ၂၀ နှစ်ပြည့် နှစ်ပတ်လည်အစည်းအဝေးတွင် ကော်မတီ၏အမည်ကို အာရှ-အာဖရိက ဥပဒေအတိုင်ပင်ခံအဖွဲ့ (AALCO) ဟု ထပ်မံ ပြောင်းလဲခဲ့ပါသည်။ ယနေ့အချိန်ထိ အဆိုပါအမည်အား အသုံးပြုလျက်ရှိပြီး အာရှနှင့်အာဖရိက၏ အဓိကနိုင်ငံများ အားလုံးနီးပါးဖြစ်သည့် နိုင်ငံပေါင်း ၄၇ နိုင်ငံက လက်ရှိတွင် AALCO အဖွဲ့၏ အဖွဲ့ဝင်များအဖြစ် ပါဝင်ထားပြီးဖြစ်ပါသည်။

AALCO အဖွဲ့အစည်းတွင်အဖွဲ့ဝင်ဖြစ်လိုသော မည်သည့်နိုင်ငံမဆို AALCO ၏ အထွေထွေ အတွင်းရေးမှူးထံ စာဖြင့်ဆက်သွယ်ပြီး အဖွဲ့အစည်းတွင် ပါဝင်လိုသည့်ဆန္ဒနှင့်အဖွဲ့၏ ပြဋ္ဌာန်းချက် များနှင့်ဥပဒေစည်းမျဉ်းများကို လက်ခံကြောင်းဖော်ပြ၍ အဆိုပြုရန် လိုအပ်ပါသည်။ ထိုသို့ အဆိုပြုချက် အားလက်ခံရရှိသည့်အခါ AALCO အတွင်းရေးမှူးအဖွဲ့က အဖွဲ့ဝင်နိုင်ငံများ၏ သဘောထားမှတ်ချက် အား ၆ ပတ်အတွင်း ပြန်လည်တင်ပြရန် တောင်းဆိုမှုဖြင့် အဖွဲ့ဝင်ရန် အဆိုပြုလွှာအား အဖွဲ့ဝင်နိုင်ငံ

များသို့ဖြန့်ဝေပြီး အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခြင်းမှ ကန့်ကွက်သည့်မဲအရေအတွက်သည် အဖွဲ့ဝင်နိုင်ငံများ စုစုပေါင်း၏ သုံးပုံတစ်ပုံထက်မကျော်လွန်ပါက အဆိုပါနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပါသည်။

AALCO အဖွဲ့၏ ရည်ရွယ်ချက်များအနက် အဓိကအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- နိုင်ငံတကာဥပဒေနယ်ပယ်တွင် ၎င်း၏အဖွဲ့ဝင်နိုင်ငံများအတွက် အကြံပေးအဖွဲ့ အဖြစ်ဆောင်ရွက်ရန်နှင့် ဘုံအရေးကိစ္စများတွင် အာရှ-အာဖရိကပူးပေါင်း ဆောင်ရွက်မှုအတွက် ဖိုရမ်တစ်ခုအဖြစ် ဆောင်ရွက်ပေးရန်၊
- ဥပဒေကြောင်းအရ နိုင်ငံတကာတွင် ဂယက်ရိုက်ခတ်မှုများရှိနေသည့် ကိစ္စရပ်များ အပေါ်အမြင်များ၊ အတွေ့အကြုံများနှင့် သတင်းအချက်အလက်များကို ဖလှယ်ရန် နှင့် လိုအပ်ပါက အကြံပြုချက်များ ပြုလုပ်ရန်၊
- အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်မှ ထည့်သွင်းဆွေးနွေးထားသည့် ကိစ္စရပ်များကိုဆန်းစစ်ရန် နှင့် AALCO အဖွဲ့အစည်း၏အမြင်များကို အပြည်ပြည်ဆိုင်ရာဥပဒေကော်မရှင်ထံပေးပို့ရန်၊
- အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်ဖြင့် သို့မဟုတ် အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်ရည်ရွယ်ချက်များ ပြည့်စုံစေရန်အတွက် သင့်လျော်သည်ဟု ယူဆနိုင်သောလုပ်ဆောင်ချက်များကို ဆောင်ရွက်ရန်အတွက် တို့ဖြစ်ပါသည်။

အဖွဲ့အစည်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက်၊ AALCO အတွင်းရေးမှူးရုံးသည် နှစ်စဉ် နှစ်ပတ်လည်အစည်းအဝေးများကို အဖွဲ့တွင်း အုပ်စုနှစ်စုဖြစ်သည့် အာရှ နှင့် အာဖရိကအုပ်စုတွင်း နိုင်ငံတစ်နိုင်ငံတွင် ကျင်းပလေ့ရှိပါသည်။ နှစ်ပတ်လည်အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများကို ကိုယ်စားပြုသည့် အဆင့်မြင့်သံတမန်များနှင့် ဥပဒေရေးရာကျွမ်းကျင်သူများ

သာမက ကမ္ဘာတစ်ဝှမ်းမှ အစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို ကိုယ်စားပြုသည့်လေ့လာသူ ကိုယ်စားလှယ်များလည်း အများအပြား ပါဝင်ဆွေးနွေးကြပါသည်။

ယခုအချိန်အထိ နှစ်ပတ်လည်အစည်းအဝေး ၆၀ ကြိမ်မြောက်အထိ ကျင်းပပြီးဖြစ်ပါသည်။ အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာစီးပွားရေးကုန်သွယ်မှုဥပဒေနှင့် ဆက်စပ်ကိစ္စရပ်များ၊ စာချုပ်များဆိုင်ရာဥပဒေ၊ သံတမန်ဥပဒေ၊ ပင်လယ်ပြင်ဆိုင်ရာဥပဒေ၊ လူ့အခွင့်အရေးဒုက္ခသည်များနှင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေဆိုင်ရာကိစ္စရပ်များအား အထူးပြုဆွေးနွေးကြပါသည်။

AALCO ၏နှစ်ပတ်လည်အစည်းအဝေးများတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနဦးဆောင်သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့က နှစ်စဉ်တက်ရောက်လျက်ရှိပါသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် တရုတ်နိုင်ငံ၊ ဟောင်ကောင်မြို့၌ ကျင်းပခဲ့သည့် ၅၉ ကြိမ်မြောက်အစည်းအဝေးနှင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် ၆၀ ကြိမ်မြောက်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က တက်ရောက်ခဲ့ပြီး၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့၌ ကျင်းပမည့် ၆၁ ကြိမ်မြောက်အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်ဒေါက်တာထိန်လင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က တက်ရောက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

AALCO အဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခြင်းအားဖြင့် မြန်မာနိုင်ငံအနေဖြင့် AALCO အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေစနစ်၊ ဥပဒေပြုရေးဆိုင်ရာသတင်းအချက်အလက်များနှင့် အတွေ့အကြုံများဖလှယ်ခြင်း၊ မြန်မာနိုင်ငံ၏ဥပဒေစနစ်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေများ၊ မြန်မာနိုင်ငံ၏စီးပွားရေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအကြောင်းတို့ကို ရှင်းလင်းတင်ပြနိုင်မည်

ဖြစ်သည့်အပြင် AALCO နှင့် မြန်မာနိုင်ငံတို့အကြား ဥပဒေရေးရာကိစ္စရပ်များအား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဦးလှိုင်ထက်ကျော်
ဦးစီးအရာရှိ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.aalco.int/about

## သီရိလင်္ကာ တရားသူကြီး ရာထူးမှနုတ်ထွက်ခြင်းသည် နိုင်ငံ၏တရားစီရင်ရေးဆိုင်ရာ လွတ်လပ်ခွင့်အပေါ် စိုးရိမ်ဖွယ်ရာဖြစ်ခြင်း

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းပြည်နယ်၊ Mullaitivu ခရိုင်၏ တရားသူကြီး T Saravanaraja သည် ၂၈-၉-၂၀၂၃ ရက်နေ့၌ ရာထူးမှနုတ်ထွက်ကြောင်း အွန်လိုင်းပေါ်တွင် ပျံ့နှံ့ခဲ့ပြီးနောက် ၎င်းသည် နိုင်ငံမှ ထွက်ပြေးသွားခဲ့ကြောင်း မီဒီယာက ဖော်ပြခဲ့ပါသည်။

Saravanaraja သည် မကြာသေးမီကပင် အရေးကြီးသောအမှု ၂ မှုကိုတာဝန်ယူခဲ့သူဖြစ်ကြောင်း၊ ပထမအမှုမှာ Mullaitivu ခရိုင်၊ Thannimurippu ဒေသတွင်တည်ရှိသည့် ဟိန္ဒူကိုးကွယ်သူများမှ ဘာသာရေးဆိုင်ရာအသုံးပြုသော ရှေးဟောင်း Tamil ဘုရားကျောင်း Kurunthurmalai ကို Sinhala ဗုဒ္ဓဘာသာအသိုင်းအဝန်းအများစုမှ သိမ်းပိုက်ပြီးနောက် ဖြစ်ပေါ်လာသည့် ဘာသာရေးဆိုင်ရာ အငြင်းပွားမှုနှင့်စပ်လျဉ်းသည့်အမှုဖြစ်ပြီး Kurunthurmalai ဗုဒ္ဓဘာသာကျောင်းတော်အပါအဝင် အဆောက်အဦများကိုဖယ်ရှားရန် Saravanaraja က အမိန့်ပေးခြင်းသည် Sinhala ဗုဒ္ဓဘာသာ အသိုင်းအဝန်းအား အကြီးအကျယ်ဒေါသထွက်စေခဲ့ကြောင်း၊ ဒုတိယအမှုမှာ Tamil ခွဲထွက်ရေး သူပုန်အဖွဲ့ဝင်(Liberation Tigers of Tamil Elam(LTTE)တစ်ဦး၏ကွယ်လွန်ခြင်း အောက်မေ့ဖွယ်အခမ်းအနားကျင်းပခြင်းကို သီရိလင်္ကာနိုင်ငံအစိုးရက တားမြစ်ခြင်းနှင့်ဆက်စပ်သည့်အပြင် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် Kokkothoduvai ၌ အစုလိုက် အပြုံလိုက် သေဆုံးခဲ့မှုဖြစ်ပေါ်ခဲ့သော နေရာအား တူးဖော်ရန် အမိန့်ချမှတ်ခဲ့ခြင်းလည်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။

သီရိလင်္ကာနိုင်ငံရှေ့နေချုပ်က Saravanaraja အား စက်တင်ဘာ ၂၁ ရက်နေ့၌ ခေါ်ယူတွေ့ဆုံခဲ့ပြီး Kurunthurmalai အမှုနှင့်ပတ်သက်သည့် ၎င်း၏အမိန့်ကို ပြန်လည်ပြင်ဆင်နိုင်ရန် ဖိအားပေးခဲ့ကြောင်းနှင့်သီရိလင်္ကာပါလီမန်အဖွဲ့ဝင်များကၡင်း၏အသက်ကိုခြိမ်းခြောက်ခဲ့ကြောင်း စွပ်စွဲပြောဆိုခဲ့သည့်အပြင် ၎င်းအားရဲတပ်ဖွဲ့၏ ကာကွယ်ပေးမှုမှာ လျော့ကျသွားကြောင်းကိုလည်း ပြောဆိုထားပါသည်။

Saravanaraja နုတ်ထွက်ခြင်းအခြေအနေသည် သီရိလင်္ကာနိုင်ငံတရားစီရင်ရေးစနစ်အား မေးခွန်းထုတ်စရာများဖြစ်စေခဲ့ပြီး သီရိလင်္ကာဘားကောင်စီ၏ယခင်ဥက္ကဋ္ဌဖြစ်သူကလည်း သီရိလင်္ကာနိုင်ငံအတွင်း လွတ်လပ်သောတရားစီရင်ရေးသည် ခြိမ်းခြောက်မှုအောက်တွင် ရှန်းကန်နေရဆဲဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်ဟု သိရသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် - JURIST Legal News & Commentary, Reporting the rule of law in crisis

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၂၂) ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

